လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ October 2022

# အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုအခမ်းအနားကို Inperson နှင့် Online ပေါင်းစပ်သည့် Hybird အစီအစဉ်ဖြင့် ကျင်းပခြင်း



**၁၊၁၀၊၂၀၂၂၊** **နေပြည်တော်**

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုအခမ်းအနားကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံးစုပေါင်း အစည်းအဝေးခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများ ဆိုင်ရာ ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေ ဒေသဆိုင်ရာ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင် များ၊ ဘိုးဘွားရိပ်သာများမှ အဘိုးအဘွားများ၊ ဌာနဆိုင်ရာ အသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြပါသည်။

အဆိုပါ အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့် အမှာစကားပြောကြားရာတွင် လက်ရှိလူမှုအဖွဲ့အစည်း အတွက် သက်ကြီးရွယ်အိုများသည် အကျိုးရှိနေဆဲ၊ အသုံးဝင်နေဆဲဖြစ်သည်ကို အသိအမှတ် ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို (၁၉၉၉)ခုနှစ်ကတည်းက မပျက်မကွက် ကျင်းပဂုဏ်ပြုခဲ့သည်မှာ ယနေ့အထိဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာန အနေဖြင့် သက်ကြီးရွယ်အိုစောင့်ရှောက်မှုနှင့် ပတ်သက်ပြီး အဓိကတာဝန်ယူ ဆောင်ရွက်နေသော (Focal Ministry) ဖြစ်သည့်အတွက် ရိပ်သာအခြေပြု၊ ရပ်ရွာအခြေပြု၊ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ ဖွင့်လှစ်ဆောင်ရွက်မှုများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်သည့် အတွက် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ (၂၀၁၆)နဲ့ အညီ ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်တစ်ခုဖြစ်သော လူမှုရေးပင်စင် ထောက်ပံ့မှု အစီအစဉ်ကို ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှ ယနေ့အထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ သက်ကြီးရွယ်အို

များဆိုင်ရာ ကော်မတီကို ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းနိုင်ခဲ့ပြီး သက်ကြီးဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် မြန်မာတစ်နိုင်ငံလုံးအနေဖြင့် အသက်အကြီးဆုံး အဘိုး(၁)ဦးနဲ့ အဘွား(၁)ဦးစီကို ငွေကျပ်(၁၀)သိန်းစီ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်မှတစ်ဆင့်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အခမ်းအနားကို အနှစ်သာရပြည့်ဝသည့် နှစ်တစ်နှစ်ဖြစ်စေရန် ကုလသမဂ္ဂအဖွဲ့ကြီးက **“The Resilience and Contributions of Older Women” “သက်ကြီးအမျိုးသမီးများရဲ့ စွမ်းပကား ဒို့များအလေးထား” ကို ယခု** နှစ်အတွက် ဆောင်ပုဒ်အဖြစ် သတ်မှတ်ပေးထားပါကြောင်း၊ သက်ကြီးအမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် အဓိပ္ပါယ်ရှိရှိ ပါဝင်ပံ့ပိုးကူညီနေ သော်လည်း လုပ်ဆောင်ချက်များကိုမူ လျစ်လျူရှုခံထားရဆဲဖြစ်ပြီး အသက်အရွယ်နှင့် ကျား/မ ဖြစ်ခြင်းအပေါ် အခြေခံပြီး ခွဲခြားဆက်ဆံခြင်းသည် အနုတ်လက္ခဏာဆောင်သော သက်တတစ်ခုဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများ၏ အရေးကိစ္စသည် သက်ကြီးရွယ်အိုများ အတွက်သာ သက်ဆိုင်သည့် ကိစ္စတစ်ခုမဟုတ်ပဲ အသက်အရွယ် အပိုင်းအခြား အားလုံးတွင်ရှိသည့် လူအားလုံးနှင့် သက်ဆိုင်နေသည့် ကိစ္စဖြစ်ကြောင်း အထူးအလေးထား ပြောကြားခဲ့ပါသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ဘိုးဘွားများအား ဆေးဝါးပစ္စည်းနှင့် အလှူငွေများကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့ကြပြီး ဘိုးဘွားများကိုယ်စား အဘိုးဦးကျော်မြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို သက်ကြီးရွယ်အိုများ အပေါ်လေးစား ကြည်ညိုတတ်သည့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများအား မျိုးဆက်သစ်လူငယ်များ သိရှိနားလည်တတ်စေရန်နှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို နှစ်စဉ်ကျင်းပခြင်းဖြင့် နိုင်ငံတော်မှ သက်ကြီးရွယ်အိုများအရေးကို အလေးထား ဆောင်ရွက်ခြင်းကို ပြည်သူများ သတိပြုမိစေရန် ရည်ရွယ်ပြီး နှစ်စဉ်ကျင်းပရခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ ကျင်းပရခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုတွင် သက်ကြီးရွယ်အိုများသည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်စွမ်းရှိကြောင်း သိရှိလာနိုင်ပြီး နိုင်ငံတော်အစိုးရအနေဖြင့်သက်ကြီးရွယ်အိုများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း ပေါ်လွင်စေမည်ဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည် ဖြစ်ပါသည်။

ဆက်လက်၍ သက်ကြီးရွယ်အိုပြုစု စောင့်ရှောက်ရေးနှင့် ပတ်သက်သော ဆောင်ရွက်ချက် ဗီဒီယိုမှတ်တမ်းအား ပြသကာ အခမ်းအနားကို ရုတ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ဒုတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးခေါင်းဆောင်များညီလာခံ (2nd ASEAN Women Leaders’ Summit) တက်ရောက်ခြင်း

ကမ္ဘောဒီးယားနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဒုတိယအကြိမ်မြောက် အာဆီယံ အမျိုးသမီး ခေါင်းဆောင်များညီလာခံ (2nd ASEAN Women Leaders’ Summit) အား Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံမှ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံ အမျိုးသမီး အခွင့်အရေးများဆိုင်ရာ ကိုယ်စားလှယ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အာဆီယံ အမျိုးသမီးရေးရာကော်မတီ Focal Person နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘောဒီးယားနိုင်ငံ၏ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo Hun Sen နှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။




နေပြည်တော်၊ အောက်တိုဘာ ၁၂

ထို့နောက် အစီအစဉ်အရ ဒုတိယအကြိမ်မြောက် အာဆီယံအမျိုးသမီး ခေါင်းဆောင်များ ညီလာခံ၏ ဆောင်ပုဒ်ဖြစ်သော **" Building A More Sustainable, Inclusive and Resilient Future: Unlocking Women's Entrepreneurship in ASEAN"** နှင့်စပ်လျဉ်း၍ Plenary Session တွင် အာဆီယံနိုင်ငံများ၏ အမျိုးသမီးရေးရာ ခေါင်းဆောင်များမှ Panelist များအဖြစ် ပါဝင်ဆောင်ရွက်၍ အတွေ့အကြုံနှင့်အမြင်များအား အသီးသီးဆွေးနွေးဖလှယ်ခဲ့ကြပါ သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က မြန်မာနိုင်ငံအနေဖြင့် ကျား/မတန်းတူ ညီမျှမှုရရှိရန်၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို ဖော်ဆောင်ပေးရန်အတွက် Sustainable Development Goal (SDG Goals) နံပါတ် (၅)ကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အမျိုးသမီးများအားလုံး အမျိုးသားများနှင့်တန်းတူ ကဏ္ဍစုံလုပ်ငန်းနယ်ပယ်အသီးသီးတွင် တန်းတူညီမျှ ပါဝင်နိုင်စေရန်၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျား၊ မတန်းတူ ညီမျှရေး၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံနှင့် အကြမ်းဖက်မှုများများမှ တားဆီးကာကွယ်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု နိုင်ငံအဆင့် ဦးစီးဦးဆောင်လုပ်ရှားဖော်ဆောင်နိုင်မည့် အဖွဲ့အစည်းတစ်ခုအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ အမျိုးသမီးများအား နည်းမျိုးစုံနှင့် ခွဲခြားမှုပပျောက်ရေး ဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း CEDAW ပါကတိကဝတ်များနဲ့ အကြံပြု သုံးသပ်ချက်များ၊ ဘေဂျင်းလုပ်ငန်းစီမံချက်ပါ ဦးစားပေးနယ်ပယ်(၁၂)ရပ်နှင့်အညီရေးဆွဲထားသော အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း- NSPAW (၂၀၁၃-၂၀၂၂)တို့ကို အကောင်အထည်ဖော် လျက်ရှိပြီး NSPAW Phase II ၂၀၂၃-၂၀၃၂ ဆက်လက်ကို ရေးဆွဲသွားမှာဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာနသည် ကျား/မအခြေပြု အကြမ်းဖက်မှု ကာကွယ်စောင့်ရှောက်ရေးအတွက် (၂၄)နာရီ Help Line ဝန်ဆောင်မှုကို ၂၀၁၆ ခုနှစ်ကတည်းကစတင်ခဲ့ပြီး သတင်းပေးပို့ တိုင်ကြားလာသူများအား လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုလုပ်ငန်းလမ်းညွှန်နဲ့အညီ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ အမျိုးသမီးများ၏ စွန့်ဦးတီထွင် လုပ်ငန်းရှင်များပေါ်ထွက်ရေးနဲ့ ရေရှည်တည်တံ့ ဖွံ့ဖြိုးမည့် စီးပွားရေးလုပ်ငန်းများဖြစ်စေရန်အတွက် အသက်မွေးဝမ်းကြောင်းသင်တန်းများသည် အရေးပါသည့်အတွက် အိမ်တွင်းမှု

သက်မွေးပညာသင် ကျောင်း(၁၁)ကျောင်းကိုတည်ထောင်ဖွင့်လှစ်ပြီး အမျိုးသမီးများ၏ စွမ်းရည်နှင့် အိမ်တွင်းမှုသက်မွေးပညာများ တတ်မြောက်စေရန် သင်ကြားပေးလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးအပေါ် ထိခိုက်နိုင်ချေများကို လျှော့ချနိုင်ရန်အတွက် ကျေးလက်နေအမျိုးသမီးများ၏ ဝင်ငွေရတစ်ပိုင်တစ်နိုင် စီးပွားရေး လုပ်ငန်းများ အရှိန်မပျက် ပုံမှန်ရရှိစေရေးအတွက် ရှေ့ပြေးလုပ်ငန်းစီမံချက်အဖြစ် "ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်နေအမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ထူထောင်ရေး ဆိုင်ရာလုပ်ငန်းစီမံချက်" ကို ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များသည် ရေရှည်တည်တံ့၍ အားလုံးအကျုံးဝင်ပြီး ကြံ့ကြံ့ခံနိုင်သော အာဆီယံအသိုက်အဝန်း ဖြစ်ပေါ်စေရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

အစီအစဉ်အရ Declaration on Building A More Sustainable, Inclusive and Resilient Future: Unlocking Women's Entrepreneurship in ASEAN နှင့်စပ်လျဉ်း၍ အကျဉ်းချုပ် ရှင်းလင်းတင်ပြခြင်း၊ တက်ရောက်လာသူများမှ မှတ်ချက်ပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားခဲ့ပြီး ညီလာခံအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

## အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အခမ်းအနားဆောင်ရွက်ခြင်း





၂၀၂၂ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ (IDDRR) အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာလ (၁၃)ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အလားတူ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများတွင် အခမ်းအနားကျင်းပပြုလုပ်ခဲ့ကြောင်းသိရှိရပါသည်။

## အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်တက်ရောက်ခြင်း

အောက်တိုဘာလ (၂၀) ရက်နေ့တွင်ကျင်းပသော (၁၀) ကြိမ်မြောက် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်/ ဘေးအန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာကိုကိုနိုင်နှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြပါသည်။

အောက်တိုဘာလ (၂၀) ရက်နေ့ နံနက်ပိုင်းတွင် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနေ့ကို **"Stronger Together in Balancing Action to Enhance Localisation for Disaster Resilience"** ခေါင်းစဉ်ဖြင့် ကျင်းပဆောင်ရွက်ခဲ့ပြီး၊ (၁၀) ကြိမ်မြောက် အာဆီယံ သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဆက်လက်ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများ၊ အာဆီယံနိုင်ငံ အသီးသီးမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက် ခဲ့ကြပါသည်။




ထိုင်းနိုင်ငံ၊ အောက်တိုဘာ ၂၀

အဆိုပါအစည်းအဝေး၌ အာဆီယံနိုင်ငံများမှ ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ ခေါင်း ဆောင်များက နိုင်ငံအလိုက် ရှင်းလင်းဆွေးနွေးသည့်အစီအစဉ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အာဆီယံဒေသတွင်းနိုင်ငံများသည် နှစ်စဉ်သဘာဝဘေးအန္တရာယ်အမျိုးမျိုး ရင်ဆိုင်လျက်ရှိခြင်းနှင့်အတူ အဆိုပါဘေးအန္တရာယ်များကို ရင်ဆိုင်တုံ့ပြန်ခြင်းဖြင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်မှု ဖြစ်လာစေရန် နိုင်ငံအလိုက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုဖြစ်စဉ်များကို ရင်ဆိုင်နေရသည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး ဖြစ်ရိုး ဖြစ်စဉ်မဟုတ်သည့် သဘာဝဘေးများလည်း ဖြစ်ပွားလာလျက်ရှိပါကြောင်း၊ ၎င်းဘေးများကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်စေရန် အတွက် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၊ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဒုတိယဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အတူ နိုင်ငံအတွင်း ရရှိနိုင်သောနည်းပညာ၊ အရင်းအမြစ်များအသုံးပြုကာ အားလုံးပါဝင်သော နည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ကနဦး ဆွေးနွေးခဲ့ပြီး လတ်တလောအကြမ်းဖက် ဖြစ်စဉ်များကြောင့် ထိခိုက်သေဆုံးမှုအခြေအနေများနှင့် ဘေးသင့်ပြည်သူများအား လူသားချင်းစာနာ ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းခဲ့ပါသည်။ ထို့နောက် ဝန်ကြီးဌာနသည် အာဆီယံ လူသားချင်းစာနာမှု အကူအညီ ပေးရေးလုပ်ငန်းအစီအစဉ်၏ ဒုတိယအဆင့် လုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် အမျိုးသားကော်မတီ၏ ဦးဆောင်မှု၊ မြန်မာလုပ်ငန်းအဖွဲ့ ပေါင်းစပ်ညှိနှိုင်းမှုတို့ဖြင့် လုပ်ဆောင်ရန် အသင့်ပြင်ဆင်ထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းနှင့် လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများတွင် အာဆီယံနှင့်အတူ ဆက်လက် ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် အာဆီယံ(၁၀)နိုင်ငံမှ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများနှင့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံတို့မှ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီး အဆင့် အစည်းအဝေးများအား သီးခြားစီ ကျင်းပခဲ့ရာ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်များ၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲကြေညာချက်များနှင့်စပ်လျဉ်း၍ အပိုင်းအလိုက်၊ အခန်းကဏ္ဍအလိုက် ဆွေးနွေးအတည်ပြုခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ဖြည့်စွက် ဆွေးနွေးခဲ့ပါသည်။ အဆိုပါအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများ ဖြစ်သော အာဆီယံ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ (၄၁)ကြိမ်မြောက်အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများအား (၁၇-၁၀-၂၀၂၂) ရက်နေ့ မှ (၁၉-၁၀-၂၀၂၂) ရက်နေ့အထိ ကျင်းပခဲ့ရာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် ကိုယ်စားလှယ်အဖွဲ့က ပါဝင်

တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ သဘာဝဘေး စီမံခန့်ခွဲမှု လုပ်ငန်းများ အကောင်အထည်ဖော်နေမှု အခြေအနေ၊ သဘာဝဘေး၊ လူကြောင့်ဖြစ်သော ဘေးများကြောင့် ဘေးသင့်သူများအား နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ပံ့ပိုးကူညီ ထောက်ပံ့မှုအခြေအနေ၊ အာဆီယံနှင့် လုပ်ငန်း များ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများအား ပွင့်ပွင့် လင်းလင်းညှိ နှိုင်းဆွေးနွေးကာ ရှေ့ဆက်ပူးပေါင်း အကောင်အထည်ဖော်မည့် လုပ်ငန်းများအား သဘော တူညီမှုများ ရယူခဲ့ကြောင်း သတင်းရရှိပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ ရန်ကုန်မြို့ရှိ သင်တန်းကျောင်းများ၊ စခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေး



**ရန်ကုန်မြို့ ၂၃/၂၄-၁၀-၂၀၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် အဖွဲ့သည် (၂၃-၁၀-၂၀၂၂) ရက်နေ့၊ နံနက်ပိုင်းတွင် ရွှေပြည်သာမြို့တွင်တည်ရှိသော လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ လူငယ် သင်တန်းကျောင်း (ရွှေပြည်သာ) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တိုင်းဒေသကြီး ဦးစီးမှူးက မှုခင်းစစ်ဆေးဆဲ ကလေးသူငယ် (ရီမန်ကျောင်းသား)များ လက်ခံစောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် သင်တန်း ကျောင်း တည်ဆောက်ရေးလုပ်ငန်းများ ဖြစ်သည့် ကျောင်းအုပ်ကြီးရုံး၊ သင်တန်းသား အိပ်ဆောင်၊ ထမင်းစား ဆောင်၊ မီးဖိုဆောင်များ ဆောက်လုပ်ပြီးစီးမှုအခြေအနေ နှင့် သင်တန်းကျောင်း ပရိဝုဏ်အတွင်း အဆောက်အဦများ ထပ်မံဆောက်လုပ်ရန် လျာထားသည့်အကွက်ချပုံစံအား ရှင်းလင်း တင်ပြခဲ့ပါသည်။ ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးက လက်ရှိဆောင်ရွက်ဆဲ သင်တန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့် ပြည့်စုံ ပြီးစီး နိုင်ရေး၊ ဝန်ထမ်းအင်အား ခွင့်ပြုခန့်အပ်နိုင်ရေး၊ သင်တန်း ကျောင်းသို့ ရောက်ရှိလာသော ကလေးသူငယ်များအား စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် အသက်မွေး ဝမ်းကျောင်းပညာရပ်များ ပို့ချပေးနိုင်ရေး စီမံဆောင်ရွက် သွားရန် လမ်းညွှန်မှာကြားခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းကျောင်း အတွင်းရှိ တည်ဆောက်ပြီးစီးပြီဖြစ်သည့် သင်တန်းသား အိပ်ဆောင်၊ ထမင်းစားဆောင်၊ မီးဖိုဆောင်နှင့် ကွန်ကရစ် လမ်း ခင်းကျင်းပြီးစီးမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက အဆောက် အဦများ အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန် စေရေးစီမံဆောင်ရွက်သွားရန်၊ ရေစီးရေလာကောင်းမွန် စေရေးစီမံဆောင်ရွက်သွားရန် စသဖြင့် လမ်းညွှန်မှာကြား ခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ သည် မရမ်းကုန်းမြို့နယ်ရှိ မူးယစ်ပြန်လည် ထူထောင် ရေးစခန်း (ရန်ကုန်) သို့ ရောက်ရှိကြရာ ပြန်လည် ထူထောင်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဖွဲ့စည်းပုံ၊ ဝန်ထမ်းခန့်အပ်ပြီးစီးမှုနှင့် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စု ဝန်ကြီးက မူးယစ်ဆေးဖြတ်ပြီးသူများ လူ့အဖွဲ့အစည်း အတွင်း ပြန်လည်ဝင်ဆံ့ ပေါင်းစည်းနိုင်ရေး ဆောင်ရွက် နိုင်ခြင်းဖြင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက် ရေးကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်း၊ လတ်တလော အသိပညာပေးလုပ်ငန်း များ ဆောင်ရွက်မှုအပေါ် အားသာချက်၊ အားနည်းချက် များ ပြန်လည်သုံးသပ်ရန် လိုအပ်ပါကြောင်း၊ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကိန်းဂဏန်း အချက် အလက်မှန်ကန်တိကျစွာဖြင့် စနစ်တကျ ပြုစုမှတ်တမ်း

တင်ထားရန် လိုအပ်ပါကြောင်း၊ စခန်းအခြေပြု သင်တန်းများ ဖွင့်လှစ်ပြီးစီးပါက ၎င်းတို့တတ်မြောက်ထားသော ပညာရပ်များဖြင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ရေး အတွက် အရပ်ဘက် လုပ်ငန်းရှင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးသွားရန် လိုအပ်ပါကြောင်းဖြင့် လမ်းညွှန်မှာကြားခဲ့ပါသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သင်တန်းဆောင်အတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည် ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်ချက်များအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသို့ရောက်ရှိကြရာ တာဝန်ခံကျောင်းအုပ်က အမြင်အာရုံချို့တဲ့သူများအား ကိုယ်ရည်ကိုယ်သွေး မြင့်မားပြီး မိမိကိုယ်ကိုယ် ယုံကြည်မှုရှိပြီး ဘဝရပ်တည်ထူထောင်နိုင်ရေးအတွက် လေ့ကျင့် သင်ကြားပေးနေမှု အခြေအနေများအားရှင်းလင်း တင်ပြခဲ့ပါသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမြင်အာရုံ မသန်စွမ်းသူများ ဘက်စုံဖွံ့ဖြိုး တိုးတက်စေရေးအတွက် ၎င်းတို့ သင်ယူလျက်ရှိသည့် ပညာရပ်များအပေါ် စိတ်ဝင်တစား တက်ကြွစွာ ပူးပေါင်းပါဝင်နိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်ရေးကူညီပေးသွားရန် ဖြစ်ပါကြောင်း၊ မျက်မမြင် လက်စမ်းစာပေများ၊ Audio Book များ စုံလင်ကျယ်ပြန့်စွာရရှိနိုင်ရေး၊ လိုအပ်ချက်များအား Check List ဖြင့် ပြုစုထားရန်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိက မသန်စွမ်းကျောင်းများအား ဖိတ်ခေါ်၍ စုပေါင်းပြိုင်ပွဲများ ကျင်းပသွားရန်လိုအပ်ပါကြောင်း လမ်းညွှန်မှာကြား ခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းကျောင်းအတွင်းရှိ သင်တန်းသားများ မျက်မမြင်လက်စမ်းစာပေများထုတ်လုပ် နေမှုအခြေအနေများ၊ စာပေ၊ ဂီတ၊ ရသ၊ အားကစားစသည့် ပညာရပ်များအား လေ့ကျင့်သင်ယူနေမှု အခြေအနေများနှင့် မျက်မမြင် အကြောပြင် ပညာရပ်များ လေ့ကျင့်သင်ကြားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် (၂၄-၁၀-၂၀၂၂) ရက်နေ့၊ နံနက်ပိုင်းတွင် ထောက်ကြန့်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများသင်တန်းကျောင်း(ထောက်ကြန့်)သို့ ရောက်ရှိကြရာ တာဝန်ခံကျောင်းအုပ်က သင်တန်းကျောင်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းတိုးတက်ရေး၊ လက်ခံစောင့်ရှောက်ထားသော ကလေးသူငယ်များ ပညာရည်တိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားလေ့ကျင့်နိုင်စေရေး၊ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်စေရေးနှင့် နေ့စဉ်နေထိုင်မှုဘဝ အဆင်ပြေ ချောမွေ့စေရေးတို့ အတွက် လိုအပ်ချက်များအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အသက်မွေးဝမ်းကြောင်း ပညာရပ်များသင်ယူနေမှု အခြေအနေများနှင့် သင်တန်းသူအိပ်ဆောင်၊ ထမင်းစားဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပပြုလုပ်ခြင်း




၂၀၂၂ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာသက်ကြီး ရွယ်အိုများ နေ့အထိမ်းအမှတ် အခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် (၃၀.၉.၂၀၂၂) ရက်နေ့၊ နံနက်(၁၀:၀၀)နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး

အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အမျိုးသမီးကော်မတီ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့၊ အမျိုးသမီးနှင့် ကလေးဘဝမြှင့်တင်ရေး အဖွဲ့မှ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု အဖွဲ့မှ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူး များ၊ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဘိုးဘွားရိပ်သာများမှ ကိုယ်စားလှယ် များ၊ ကန်ကော့ခံဘိုးဘွားများနှင့် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာမှ ဘိုးဘွားများ စုစုပေါင်း (၂၄၅)ဦးတက်ရောက်ခဲ့ပါသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့ဝန်ကြီးချုပ်မှ ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ပြီး သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာမှ အဘိုးခနဖြူ ဦးစိုးသိန်းရေးသား သီကုံးသော သက်ကြီး ရွယ်အိုများနေ့ ပဏာမတေးသီချင်းဖြင့် သီဆိုခြင်း၊ ပန်းချီ ဆရာ အဘိုးဦးလှအောင်မှ သီချင်းတစ်ပုဒ်စုတ်ချက်တစ်ရာ အစီအစဉ်ဖြင့် ပန်းချီလက်စွမ်းပြသခြင်း၊ ဘိုးဘွားများမှ Zumba အကဖြင့် ဖျော်ဖြေခြင်းများဖြင့် တင်ဆက်ခဲ့ကြ ပါသည်။ ဆက်လက်၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်မှ ဒဂုံမြေသက်ကြီးသူများ ဦးဆောင်သောလူမှုအားမာန်အဖွဲ့ (ISHG) ဥက္ကဋ္ဌဦးအောင်မြင့်မှ လူမှုအားမာန်အဖွဲ့ (ISHG) အကြောင်းရှင်းလင်း ပြောကြားခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် နှင့်ဇနီး၊ ဝန်ကြီးများ၊ တာဝန်ရှိသူများက ရန်ကုန်တိုင်း ဒေသကြီးမှ အသက်အကြီးဆုံး အဘိုးဦးကျင်ပါ အသက် (၁၁၂) နှစ်အား ဂုဏ်ပြုငွေကျပ် ၂၇၈,၀၀၀/-၊ အသက် (၈၅)နှစ်နှင့်အထက် ဂုဏ်ပြုခံဘိုးဘွား (၄၂) ဦးအား တစ်ဦးလျှင် ကျပ် ၁၈၆,၀၀၀/-၊ ဖျော်ဖြေရေးအစီအစဉ် တင်ဆက်ခဲ့သော ဘိုးဘွားများနေ့ပိုင်းပြုစု စောင့်ရှောက် ရေးဂေဟာမှ အဘိုးအဖွဲ့(၃)ဖွဲ့အား တစ်ဖွဲ့လျှင် ကျပ် ၆၅၈,၀၀၀/- ကိုဂုဏ်ပြုချီးမြှင့်ခဲ့ကြပါသည်။



အခမ်းအနား သို့ မလာရောက်နိုင်သော ရန်ကုန် တိုင်းဒေသကြီးမှ အသက်အကြီးဆုံး အဘွား(၂)ဦး ဖြစ်သည့် သန်လျင်ခရိုင်မှ ဒေါ်လှကျင် အသက်(၁၁၁) နှစ်၊ မရမ်းကုန်းခရိုင်မှ ဒေါ်ရှုယဉ် အသက်(၁၁၁) နှစ်တို့ အား သက်ဆိုင်ရာ တာဝန်ရှိသူများက အိမ်တိုင်ရာရောက် သွားရောက် ထောက်ပံ့ခဲ့ကြပါသည်။



ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးရှိ ဘိုးဘွားရိပ်သာ (၁၁)ခုအား (၁)ခုလျှင် ကျပ်သိန်း (၁၀၀) စီကိုလည်းကောင်း၊ ဘိုးဘွားများ နေ့ပိုင်းပြုစုစောင့်ရှောက်ရေး ဂေဟာအတွက် ကျပ်သိန်း (၇၀) ကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ ပေးအပ်ခဲ့ပါသည်။

ထို့နောက် ဂုဏ်ပြုခံဘိုးဘွားများ ကိုယ်စား သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာမှ အဘိုးဝါးခယ်မ ဦးရဲမောင်မှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

၂၀၂၂ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများ နေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့်ကျပ် ၁၂၇,၆၂၀,၀၀၀/- ဂုဏ်ပြုခဲ့ကြောင်း သတင်းရရှိပါသည်။

## ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသောအသက် (၂)နှစ်အောက် ကလေးသူငယ်များအား ၂၀၂၂-၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၃)လပတ် (ဧပြီ၊မေ၊ဇွန်)အတွက် ထောက်ပံ့ပေးအပ်ခြင်း

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသောအသက် (၂) နှစ်အောက် ကလေးသူငယ်များအား ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၃)လပတ် (ဧပြီ၊ မေ၊ ဇွန်) အတွက် ကျောက်တော်မြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များအား ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးစာရေးများနှင့် မြို့နယ်လူမှုဝန်ထမ်းရုံးတို့ ပူးပေါင်း၍ ကွင်းဆင်းပြီး ဆက်လက်ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သတင်းရရှိပါသည်။



## အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမား ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် Talk Show များ ကျင်းပခြင်း




ကယားပြည်နယ်အတွင်း အဆိုးရွားဆုံး ပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမား ဖယ်ရှားရေး၊ ပြန်လည်ကုစားရေးဆိုင်ရာနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဆွေးနွေးပွဲများကို (၁၄.၁၀.၂၀၂၂) ရက်နေ့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း၌ ကျောင်းသား/သူ စုစုပေါင်း (၂၁၉) ဦးအားလည်းကောင်း၊ (၂၆.၁၀.၂၀၂၂) ရက်နေ့တွင်လွိုင်ကော် မူလတန်းကြိုကျောင်း ခန်းမ၌ မိဘပြည်သူ (၃၀) ဦးအား အသိပညာပေး ဆွေးနွေးနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

ဆက်လက်၍မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်၊ ငဖဲမြို့လူမှုဝန်ထမ်းရုံးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ (၁၂.၁၀.၂၀၂၂) ရက်နေ့တွင် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမား အသိပညာပေး ကလေးသူငယ်အခွင့်အလမ်းများဆိုင်ရာ ဥပဒေစာအုပ်ကို (၂၃.၇.၂၀၁၉) တွင် အခန်း (၃၀)၊ ပုဒ်မ (၁၂၁) ခု၊ အခန်း (၁၄) တွင် ကလေးသူငယ်များ အလုပ်လုပ်ကိုင်စေခြင်းနှင့် အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းတို့ကို ရေးသားပြဋ္ဌာန်းထားပါသည်။




ကလေးသူငယ်၏အသက်သည် (၁၄)နှစ်အောက် မငယ်စေရ၊ နိုင်ငံတော်၏ ပညာရေးရည်မှန်းချက် အရ အခမဲ့ပညာမသင်မနေရ ပညာရေးစနစ်အတွက်သတ်မှတ်ထားသောအသက်သည်(၁၄) နှစ်ထက်ပိုပါက ကျောင်းနေသော ကလေးသူငယ်များ၏ အလုပ်လုပ်ကိုင်နိုင်သည့် အသက်သည်ပို၍ သက်မှတ်ထားသော အသက်ထက် မငယ်စေရ၊ ကလေးသူငယ်များကို ရောင်းချခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကျေးပိုင်၊ ကျွန်ပိုင်ပြုလုပ်ခြင်း၊ လူကုန်ကူးမှုကျူးလွန်ခြင်း၊ ကျွေးမြီဖြင့် နှောင်ဖွဲ့ ခိုင်းစေခြင်း၊ ပြည့်တန်ဆာ ပြုလုပ်ခိုင်းစေခြင်းတို့ကို Talk Show ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၊ Gender, CEDAW, NSPAW, UNSCR 1325 အသိပညာပေးအစီအစဉ် ကျင်းပခြင်း

(၆.၁၀.၂၀၂၂) ရက်နေ့တွင် Gender, CEDAW, NSPAW, UNSCR 1325 အသိပညာပေး အစီအစဉ်ကို စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ မုံရွာခရိုင်အမျိုးသမီးကော်မတီဝင် စုစုပေါင်း (၂၀)ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစီအစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံးမှညွှန်ကြားရေးမှူး က Gender, CEDAW, NSPAW, UNSCR 1325 ဆိုင်ရာ အသိပညာများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသူများက သူတို့၏သဘောထားများကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။



## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(ဝက်ထီးကန်)တွင် စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်းအမှတ်စဉ်(၁/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး စခန်း (ဝက်ထီးကန်)၌ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူး သင်တန်း အမှတ်စဉ်(၁/၂၀၂၂) သင်တန်း ဆင်းပွဲအခမ်းအနားအား (၂၁.၁၀.၂၀၂၂) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ပြန်လည်ထူထောင်ရေးစခန်း (ဝက်ထီးကန်)၏ ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ ဖွင့်လှစ်ခဲ့သော သင်တန်းနှင့် ယခုဖွင့်လှစ်သော သင်တန်းအပါအဝင် စေတနာ့ဝန်ထမ်းမူးယစ် ကြီးကြပ်ရေးမှူး သင်တန်းသား (၅၀)ဦး မွေးထုတ်ပေးနိုင် ခဲ့ပါကြောင်း စခန်းအခြေပြုပြန်လည် ထူထောင်ရေးသင်တန်းအနေဖြင့် သင်တန်းသား(၁၄၂)ဦး မိဘအပ်သင်တန်း သား(၁၄၁)ဦး၊ ရပ်ရွာအခြေပြု သင်တန်းသား(၅၀)ဦး တို့အား ပြန်လည် ထူထောင်မှုပေးနိုင်ခဲ့ပါကြောင်း ပြန်လည်ထူထောင်ရေး



၂၁. ၁၀. ၂၀၂၂
လုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် စေတနာ့ ဝန်ထမ်းများ လိုအပ်ပါကြောင်း နောက်ဆက်တွဲ စောင့်ရှောက်ရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင်လည်း စေတနာထားပြီး လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ ယခုသင်တန်းတွင် ပို့ချခဲ့သည့် ပြန်လည်ထူထောင်ရေး ဘာသာရပ်များ လူမှုဝန်ထမ်းဘာသာရပ်များ၊ စိတ်ကျန်းမာရေး ဘာသာရပ်များ၊ မူးယစ်ဥပဒေများ၊ မူးယစ် တိုက်ဖျက်ရေးအသင်း (MANA)၏ ဘာသာရပ်များကို သင်ကြားခဲ့ရသည့် (၅)ရက်ကြာ သင်တန်းကာလ အတွင်းမှာ သိသင့်သိထိုက်သော အသိပညာများ ရရှိသွားလိမ့်မည်ဟု ယူဆပါကြောင်း သင်သန်းမှရရှိသည့် အသိပညာ ဗဟုသုတများအား မိမိတို့ တိုင်းဒေသ၊ ရပ်ရွာမြို့နယ် အတွင်း မူးယစ်ဆေးဖြတ် ပြန်လည်ထူထောင်မှု ခံယူပြီးသူများအား နောက်ဆက်တွဲစောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက် သွားနိုင်ပါကြောင်း ပြောကြားခဲ့ပါသည်။



ထို့နောက် သင်တန်းသားများအားလုံး ကိုယ်စား သင်တန်းသူတစ်ဦးမှ ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။ အမှတ်(၂) ရဲလေ့ကျင့်ရေး သင်တန်းကျောင်း (ဝက်ထီးကန်)ဒုတိယကျောင်းအုပ်ကြီးဒုရဲမှူးကြီးထွန်းဖေမှ သင်တန်းဆင်းလက်မှတ် များချီးမြှင့်ပေးခဲ့ပြီး စုပေါင်းမှတ်တမ်းဓါတ်ပုံများ ရိုက်ကူး၍ အခမ်းအနားအား နံနက် (၁၁:၀၀)အချိန်တွင် အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

## ကယားပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ ဖြစ်ရပ်စီမံခန့်ခွဲမှု အသိပညာပေးသင်တန်းဖွင့်လှစ်ခြင်း



(၂၇.၁၀.၂၀၂၂) ရက်နေ့မှ (၂၈.၁၀.၂၀၂၂) ရက်နေ့ထိ ကယားပြည်နယ်၊ လွိုင်ကော်မူကြို ခန်းမ၌ ဖြစ်ရပ်စီမံခန့်ခွဲမှု အသိပညာပေး သင်တန်းဖွင့်လှစ်ခဲ့ရာ လူမှုအဖွဲ့အစည်းများမှ ကလေးသူငယ် ကိစ္စရပ်များ ဆောင်ရွက်ပေးနေသည့် စေတနာ့ဝန်ထမ်း (၂၀) ဦးအား အသိပညာပေးသင်တန်း ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်း ရရှိပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် လူမှုဖြစ်ရပ်စီမံခန့်ခွဲမှု သတင်းစနစ် CMIS Software ပြုစုခြင်းအတွက် အာရှနှင့် သမုဒ္ဒရာဒေသရှိ သတင်းအချက်အလက် နည်းပညာဆိုင်ရာ အသင်းချုပ် ASOCIO မှ ချီးမြှင့်သည့် Digital Government Award ဆုလက်ခံရယူ

၂၀၂၂ခုနှစ်၊ အောက်တိုဘာလ(၂၈) ရက်နေ့တွင် စင်္ကာပူနိုင်ငံ၊ Resorts World Sentosa Convention Centre ၌ ကျင်းပသည့် အာရှနှင့် သမုဒ္ဒရာဒေသရှိ သတင်းအချက်အလက် နည်းပညာဆိုင်ရာအသင်းချုပ် Asian-Oceanian Computing Industry Organization (ASOCIO) Digital Summit 2022 သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကိုယ်စား လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်

ဒေါက်တာစန်းစန်းအေး နှင့် ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ် (၁)ဦး ပါဝင် တက်ရောက်ခဲ့ပါသည်။




အောက်တိုဘာလ ၂၈ နေပြည်တော် အစည်းအဝေး၏ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် Digital Trust Forum ကို ကျင်းပရာ ဒေသတွင်းနှင့် နိုင်ငံတကာက IT ပညာရှင်များ၊ တက္ကသိုလ်များက ပညာရှင်များ၊ နည်းပညာ အသုံးပြုသည့် ကုမ္ပဏီတို့မှ CEO, CFO နှင့် တာဝန်ရှိသူများက နည်းပညာဆိုင်ရာ ယုံကြည်မှု အပေါ် ခေါင်းစဉ်(၁၄)ခု ဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ Summit ၏ ညပိုင်း Gala Dinner တွင် ASOCIO Digital Government Award 2022 အား ပေးအပ်ချီးမြှင့်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် လူမှုရေးသတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် Social Management Information System (SMIS) ၏ ကဏ္ဍတစ်ခုဖြစ်သော လူမှုဖြစ်ရပ်စီမံခန့်ခွဲမှု သတင်းစနစ် (Case Management Information System-CMIS) အား ကာကွယ်ရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့၏ ပံ့ပိုးကူညီမှုဖြင့် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ဝန်ကြီးဌာန အနေဖြင့် ASOCIO Digital Government Award 2022 အားရရှိခဲ့ပါကြောင်း နှင့် ဆုချီးမြှင့်မှုမပြုမီ ဆုလက်ခံကြောင်း ပြည်ထောင်စုဝန်ကြီး၏ ဗီဒီယိုဖိုင်အား ဖွင့်လှစ်ပြီး ဝန်ကြီးဌာန ကိုယ်စား လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက ဆုလက်ခံခဲ့ပါသည်။ဆုလက်ခံအပြီးတွင် ASOCIO အသင်းချုပ်၏ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ပါသည်။ ၂၀၂၂ခုနှစ်တွင် ကျင်းပသည့် ASOCIO Digital Summit တွင် နိုင်ငံပေါင်း (၁၄)နိုင်ငံက Digital Government Award အပါအဝင် ဆုပေါင်း(၅၄)ခု ပေးအပ်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

CMIS Software Platform သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသော ဘက်စုံ လူမှုကာကွယ် စောင့်ရှောက်ရေး အစီအစဉ်အတွင်း ကာကွယ် စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များ၊ ဥပဒေနှင့် ငြိစွန်းလျက်ရှိသော ကလေးသူငယ်များ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစား ပြုခြင်းခံရသူ ကလေးသူငယ်များ၊ ကျား/မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်များ၊ လူကုန်ကူးခံရသူ ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ ဖြစ်ရပ်များအား လူမှုရေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုများ ဆောင်ရွက်လျက်ရှိပြီး အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဖြစ်ရပ်စီမံခန့်ခွဲသူများ စနစ်တကျ သုံးစွဲနိုင်ရန် ရေးဆွဲထားသော Digital Platform ဖြစ်၍ လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ပါ လုပ်ငန်းစဉ်များအား စနစ်တကျ ဆောင်ရွက်နိုင်ပြီး ဖြစ်ရပ်များလွှဲပြောင်း ချိတ်ဆက်နိုင်ခြင်း၊ ဖြစ်ရပ်အလိုက် မှတ်တမ်းတင်နိုင်ခြင်းနှင့် အချိန်နှင့် တပြေးညီ ကာကွယ်စောင့်ရှောက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
## ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအတွင်း အသိပညာပေးဆောင်ရွက်မှု

- ၁၈-၁၀-၂၀၂၂ ရက်နေ့တွင် ချောင်းဆုံမြို့နယ်၊ အထက (ခွဲ) ကမာမိုစာသင်ကျောင်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။
- ၁၉-၁၀-၂၀၂၂ ရက်နေ့တွင် သန်လျင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဆောင်ရွက်ခဲ့ပါသည်။
- ၁၉-၁၀-၂၀၂၂ ရက်နေ့တွင် ဒဂုံမြို့နယ်အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ Quick-Win



Project အစီအစဉ်ဖြင့် သဘာဝအသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။

- ၂၀-၁၀-၂၀၂၂ ရက်နေ့တွင် သန်လျင်မြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ Quick-Win Project အစီအစဉ်ဖြင့် သဘာဝအသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။
- ၅-၁၀-၂၀၂၂ ရက်နေ့တွင် သန်လျင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ Quick-Win Project အစီအစဉ်ဖြင့် သဘာဝအသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအတွင်း ဘေးသင့်ပြည်သူများအားထောက်ပံ့မှု

- မြိတ်ခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ အေးချမ်းသာယာရပ်ကွက် မီးဘေးသင့် တစ်စိတ်တစ်ပိုင်း ပျက်စီးအိမ်ခြေ (၁) လုံးအတွက် (၁၀-၁၀-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။
- တောင်တွင်းကြီးမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တောင်တွင်းကြီးမြို့နယ်၊ ညောင်ကုန်း(န) ကျေးရွာ ရေဘေးသင့်ရေမျှောအိမ်ခြေ(၃)လုံး၊ အိမ်ထောင်စု (၃)စု၊ လူဦးရေ (၁၃)ဦးအတွက် (၅-၁၀-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။
- သရက်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မင်းတုန်းမြို့နယ်၊ လှိုင်စမ်းကျေးရွာ မီးဘေးသင့် ပျက်စီးနေအိမ် (၁)လုံး၊ အိမ်ထောင်စု (၁)စု၊ လူဦးရေး (၃)ဦးထံ (၁၁-၁၀-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။
- သရက်ခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မင်းလှမြို့နယ်၊ မလွန်ကျေးရွာ လေးဘေးသင့် တစ်စိတ်တစ်ပိုင်းပျက်စီး နေအိမ် (၁)လုံး၊ အိမ်ထောင်စု (၁)စု၊ လူဦးရေး(၅)ဦးထံ (၁၇-၁၀-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများပေးအပ်ခဲ့ပါသည်။
- သရက်ခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ကံမမြို့နယ်၊ ဂွန်းတောင်ကျေးရွာ လေးဘေးသင့်တစ်စိတ်တစ်ပိုင်းပျက်စီး နေအိမ် (၂)လုံး၊ အိမ်ထောင်စု (၂)စု၊ လူဦးရေး (၆)ဦးထံ (၄-၁၀-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။
- ဆင်ပေါင်ဝဲမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဆင်ပေါင်ဝဲမြို့နယ်၊ ကျွဲခြံကျေးရွာ ရေဘေးသင့် ရေမျှောသေဆုံးသူ (၁)ဦးအတွက် (၁၄-၁၀-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။
- ရေနံချောင်းမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရေနံချောင်းမြို့နယ်၊ ပင်းဝကျေးရွာ ကမ်းပါးပြိုကျမှု ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ခဲ့သော အိမ်ခြေ (၂)လုံး၊ အိမ်ထောင်စု (၂)စု၊ လူဦးရေ (၅) ဦးအတွက် (၂၁-၁၀-၂၀၂၂)ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။
- ရေနံချောင်းမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရေနံချောင်းမြို့နယ်၊ မာန်မြေအနောက်စု ကျေးရွာ ကမ်းပါးပြိုကျမှု ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ခဲ့သော အိမ်ခြေ (၉)လုံး၊ အိမ်ထောင်စု (၉)စု၊ လူဦးရေ (၅၀) ဦးအတွက် (၅-၁၀-၂၀၂၂)ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။
- ရေနံချောင်းမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည်ရေနံချောင်းမြို့နယ်၊ ပင်းဝကျေးရွာကမ်းပါးပြိုကျမှု ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ခဲ့သော အိမ်ခြေ (၃)လုံး၊ အိမ်ထောင်စု (၃)စု၊ လူဦးရေ (၁၀) ဦးအတွက် (၄-၁၀-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- သာယာဝတီခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ ကွေ့ချောင်း ရပ်ကွက် လေပြင်းဘေးတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘေးသင့်ပြည်သူများအတွက် (၃-၁၀-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှု များ ပေးအပ်ခဲ့ပါသည်။



- ပေါက်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် ပေါက်မြို့နယ်၊ အောင်တံခွန်၊ အောင်တော်မူ၊ အောင်ချမ်းသာရပ်ကွက် ရေဘေးသင့် ရေမျော အိမ်ခြေ (၅) လုံး၊ အိမ်ထောင်စု (၅)စု၊ လူဦးရေ (၁၉)ဦး တို့အတွက် (၄-၁၀-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့ မှုများပေးအပ်ခဲ့ပါသည်။

- ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် ပခုက္ကူမြို့နယ်၊ ကျည်းပုံခုံကျေးရွာ မိုးကြိုး ဘေးသင့် သေဆုံးသူ (၁)ဦးအတွက် (၄-၁၀-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ဂန့်ဂေါခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် ဂန့်ဂေါမြို့နယ်၊ လယ်မကျေးရွာ မီးရှို့ဖျက်စီး မှုကြောင့် မီးဘေးသင့်ခဲ့သော နေအိမ် (၃) လုံး၊ အိမ်ထောင်စု (၃) စု၊ လူဦးရေ (၁၈)ဦးတို့အတွက် (၁၂-၁၀-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများပေးအပ် ခဲ ပါသည်။

- မင်းဘူးမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် စေတုတ္တရာမြို့နယ်၊ လုံးကြီးကျေးရွာတွင် အကြမ်းဖက် အဖွဲ့ဖျက်စီးမှုကြောင့် ပျက်စီးနေအိမ် (၁)လုံး၊ အိမ်ထောင်စု (၁)စု၊ လူဦးရေ(၅) ဦးတို့ အတွက် (၂၁-၁၀-၂၀၂၂) ရက်နေ့တွင်ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် ပခုက္ကူမြို့နယ်၊ ရေလယ်သောင်ကျေးရွာ ကမ်းပါးပြိုကျမှု ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ ခဲ့သော အိမ်ခြေ (၉)လုံး၊ အိမ်ထောင်စု (၉)စု၊ လူဦးရေ (၃၅) ဦးအတွက် (၁၈-၁၀-၂၀၂၂)ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် ပခုက္ကူမြို့နယ်၊ အမှတ်(၁)ရပ်ကွက် လေဘေး ကြောင့် ပျက်စီးအိမ်ခြေ (၁)လုံး၊ အိမ်ထောင်စု (၁)စု၊ လူဦးရေ (၁) ဦးအတွက် (၇-၁၀-၂၀၂၂)ရက်နေ့တွင် ထောက်ပံ့ မှုများ ပေးအပ်ခဲ့ပါသည်။

- မင်းဘူးခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် ပွင့်ဖြူမြို့နယ်၊ ဇီးကျွန်း၊ ကျောင်းစု၊ နန်းတော် ကျွန်း၊ ထူး၊ ငှက်တောကုန်းကျေးရွာ ကမ်းပါးပြိုကျမှု ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ခဲ့သော အိမ်ခြေ (၂၀)လုံး၊ အိမ်ထောင်စု (၂၀)စု၊ လူဦးရေ (၈၄) ဦး အတွက် (၁၇-၁၀-၂၀၂၂)ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန် ရှိသူများသည် ပင်လယ်တွင် ငါးဖမ်းနေစဉ် လှိုင်းကြီး ၍ပင်လယ်အတွင်းသို့ ကျရောက်ခဲ့သော ရေလုပ်သား (၁)ဦးအတွက် (၃-၉-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့ မှုများ ပေးအပ်ခဲ့ပါသည်။

- ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူ များသည် တိုက်ကြီးမြို့နယ်၊ မလေးရှားဝိုင် ကျေးရွာ အုပ်စု၊ ရေစက်တောင်ကျေးရွာတောဆင်ရိုင်း ဝင်ရောက်မှု ကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီး အိမ်ခြေ(၃)လုံး၊ လူဦးရေ (၁၂)ဦးအတွက် (၉-၉-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန် ရှိသူများသည် တိုက်ကြီးမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ နှင်းဆီမြိုင်ကျေးရွာ တောဆင်ရိုင်း ဝင်ရောက်မှု ကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးအိမ်ခြေ (၁) လုံး၊ လူဦးရေ (၃)ဦးအတွက် (၉-၉-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန် ရှိသူများသည် တိုက်ကြီးမြို့နယ်၊ ဆင်စခန်းကျေးရွာ အုပ်စု၊ ကန်သာယာကျေးရွာ တောဆင်ရိုင်း ဝင်ရောက်မှု

ကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီး အိမ်ခြေ (၂) လုံး၊ လူဦးရေ(၇)ဦးအတွက် (၉-၉-၂၀၂၂)ရက်နေ့တွင်ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- မအူပင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် ပန်းတနော်မြို့နယ်၊ တောကျောင်းကျေးရွာ အုပ်စု၊ ပေါက်ချောင်းကျေးရွာ ကမ်းပြိုဘေးအတွက် (၂၉-၉-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ် ခဲ့ပါသည်။

- မအူပင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် ပန်းတနော်မြို့နယ်၊ ကျုံတိုင်းကလေးကျေးရွာ အုပ်စု၊ ကြို့ပတောကျေးရွာ လေဘေးကြောင့် ဘေးသင့်ပြည်သူများအတွက် (၂၉-၉-၂၀၂၂) ရက်နေ့ တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ညောင်တုန်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ညောင်တုန်းမြို့နယ်၊ စွန်တနီကျေးရွာ အုပ်စု၊ ပဒါဒေါင့်ကျေးရွာ လေဘေးသင့်ပြည်သူများ အတွက် (၄-၁၀-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ရေကြည်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် အသုတ်မြို့၊ ဒိုးကုန်းကျေးရွာအုပ်စု၊ တောကျောင်းကုန်းကျေးရွာ လေဘေးသင့်ပြည်သူ များအတွက် (၅-၁၀-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှု များပေးအပ်ခဲ့ပါသည်။

- မင်းလှမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် အုတ်ဖိုမြို့နယ်၊ မုက္ကတန်ကျေးရွာအုပ်စု၊ မုက္ကတန်ကျေးရွာ လေဘေးသင့်ပြည်သူများအတွက် (၅-၁၀-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ် ခဲ့ပါသည်။



- မော်လမြိုင်ကျွန်းမြို့နယ် ဦးစီးမှူးရုံးမှတာဝန်ရှိသူများသည် မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ် (၈)၊ နဝဒေးလမ်းနှင့် မော်လမြိုင်ကျွန်းမြို့နယ်၊ ကွမ်းခြံကုန်းကျေးရွာအုပ်စု၊ ရွာမကျေးရွာ လေဘေးသင့် နေအိမ်များအတွက် (၁၂-၁၀-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ရေကြည်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် ပန်းပုကွင်းကျေးရွာအုပ်စု၊ ပန်းပုကွင်း ကျေးရွာ လေဘေးသင့် ပြည်သူများအတွက် (၁၉-၁၀-၂၀၂၂) ရက်နေ့ တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ ပါသည်။

- မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် ဝါးခယ်မမြို့နယ်၊ အထက်ပေကုန်းကျေးရွာ အုပ်စု၊ ဟသ်ာဒုံးကျေးရွာအုပ်စုနှင့် ကမ်းပြိုကျေးရွာ အုပ်စုတို့တွင် ရွှေလောမြစ်ရေတိုက်စား၍ ကမ်းပါး ပြိုကျမှုကြောင့် ကြိုတင် ပြောင်းရွှေ့နေအိမ်များ အတွက် (၂၉-၉-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- အင်္ဂပူမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် အင်္ဂပူမြို့နယ်၊ နောက်မီးကျေးရွာအုပ်စု၊ မကျီးစုကျေးရွာ၌ ကမ်းပြိုဘေးကြောင့် ကြိုတင် ပြောင်းရွှေ့ခဲ့ရသော ဘေးသင့်ပြည်သူများအတွက် (၁၄-၁၀-၂၀၂၂) ရက်နေ့ တွင် ထောက်ပံ့မှုများပေးအပ် ခဲ့ပါသည်။



- ရေကြည်မြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းတာပြင် ဘတ်ပိုက်သောင်ရပ်၌ ကမ်းပြိုဘေးကြောင့် ကြိုတင် ရွှေ့ပြောင်းခဲ့ရသော ဘေးသင့်ပြည်သူများ အတွက် (၁၉-၉-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။